BURMESE

# ပြောဆိုမှုဆိုင်ရာ ရောဂါဗေဒ
# Speech Pathology



## ပြောဆိုမှုဆိုင်ရာ ရောဂါဗေဒပညာရှင်အား သွားရောက်တွေ့ရာတွင် မည်သည့်အကြောင်းကိစ္စများကို တွက်ဆထားရမည်နည်း။

## (Visiting a speech pathologist: What to expect?)

ချိန်းဆိုမှုတစ်ခုသို့ သွားရောက်သည့်အခါ၌ မည်သည့်အကြောင်းကိစ္စများကို ကြိုတင်တွက်ဆထားရမည်ကို သိခြင်းအားဖြင့် ယင်းပညာရှင်က သင့်အား မေးကောင်းမေးနိုင်မည့် မေးခွန်းများ၊ သင် မည်သည့်အရာများအပေါ် စိတ်ပူပန်မှု အဖြစ်ဆုံးဖြစ်နေသောအကြောင်းအရာများနှင့် သင့်ကလေးအား အသင့်ပြင်ထားခြင်းတို့ကို ကြိုတင်စဉ်းစားထားရန် အထောက်အကူပြုနိုင်ပါသည်။

## During the appointment ချိန်းဆိုမှုကာလ အတောအတွင်း

ပြောဆိုမှုဆိုင်ရာ ရောဂါဗေဒပညာရှင်သည် သင်၏ စိုးရိမ်ပူပန်နေမှုများကို သင်နှင့် ပြောဆိုဆွေးနွေးလိမ့်မည်ဖြစ်ပြီး သင့်ကလေး၏ သမိုင်းကြောင်းနှင့် သက်ဆိုင်သော မေးခွန်းများအချို့ကို မေးပါလိမ့်မည်။ မေးခွန်းများနှင့် ပတ်သက်၍ အောက်ပါသတင်းအချက်အလက်များပါဝင်နိုင်ပါသည်။



- သင့်ကလေး၏ အကြောင်း (ဥပမာ သူဘာလုပ်ရန် နှစ်ခြိုက်သနည်း)
- သင်စိုးရိမ်ပူပန်နေသည့် အဓိကအကြောင်းအရာများ
- ကိုယ်ဝန်နှင့် မွေးဖွားခြင်းဆိုင်ရာ သမိုင်းကြောင်း
- တွားသွားခြင်း၊ လမ်းလျှောက်ခြင်းနှင့် စတင်ပြောခဲ့ရာ စကားလုံးများကဲ့သို့သော ကလေးဘဝ၏မိုင်တိုင်များ
- နားကြားမှု စစ်ဆေးခြင်း၊ကူးစက်ရောဂါများ သို့မဟုတ် ဒုက္ခအခက်အခဲများ
- သင့်ကလေး စားသောက်မှုတွင် ကြုံတွေ့နေရသောအခက်အခဲများတစ်စုံတစ်ရာ ဖြစ်ခဲ့ဘူးခြင်း/ဖြစ်နေခြင်း
- မူကြိုနှင့် သူငယ်တန်းကျောင်း ပညာရေးတို့ဖြစ်ပါသည်

ပြောဆိုမှုဆိုင်ရာ ရောဂါဗေဒပညာရှင်သည် သင့်ကလေးအား အကဲဖြတ်ပေးလိမ့်မည်။ ၎င်းသည် ကလေးနှင့်အတူ ဆော့ကစားနေသယောင်ဖြစ်မည်။ အမှန်တကယ်၌ ပညာရှင်သည် ကလေးက လုပ်ရိုးလုပ်စဉ်များကို လုပ်ရာ၌ မည်ကဲ့သို့ ဆက်ဆံပြောဆိုနေသည်ကို လေ့လာဆန်းစစ်နေခြင်းဖြစ်သည်။ သင့်ကလေးအား အချို့စကားလုံးများကို ပြောရန် သို့မဟုတ် ရုပ်ပုံများကို ညွှန်ပြရန် ခိုင်းစေလိမ့်မည်။ အချို့သောအကဲဖြတ်မှုများသည် အချိန်ပိုကြာနိုင်၍ ပြီးပြတ်ရန် နောက်ထပ်ချိန်းဆိုမှုကို လိုအပ်ကောင်းလိုအပ်နိုင်မည်။ ပြောဆိုမှုဆိုင်ရာ ရောဂါဗေဒပညာရှင်သည် သင့်ကလေး၏ နှုတ်ခမ်းများ၊ သွားများ၊ လျှာနှင့် ပါးစပ်အနောက်ပိုင်းတို့ကိုလည်း စစ်ဆေးကြည့်ကောင်း စစ်ဆေးကြည့်နိုင်သည်။

## What happens next? ရှေ့ဆက်၍ ဘာဖြစ်မည်နည်း

တစ်ခါတစ်ရံတွင် ပြောဆိုမှုဆိုင်ရာ ရောဂါဗေဒပညာရှင်သည် ပထမချိန်းဆိုမှု၌ပင် သင့်အား သူ၏အကြံပေးချက်များကို ပေးနိုင်သည် သို့မဟုတ် အကဲဖြတ်ပေး၍ ရရှိခဲ့သောရလဒ်များကို ဦးစွာကြည့်ရှုရန် လိုအပ်ကောင်းလိုအပ်နိုင်မည်။ ရှေ့ဆက်ဖြစ်မည့် အကြောင်းကိစ္စများသည် သင့်ကလေး၏ ဝန်ဆောင်မှုများနှင့် လိုအပ်ချက်တို့အပေါ် မူတည်ပါလိမ့်မည်။ ရှေ့ဆက်ဖြစ်မည့် အကြောင်းအရာများတွင် အောက်ပါတို့ ပါဝင်နိုင်ပါသည်။



- အကဲဖြတ်ပေးမှုကို အပြီးသတ်ရန် သို့မဟုတ် သင့်ကလေး၏ ပြောဆိုဆက်သွယ်မှုကို ပံ့ပိုးပေးရေးအလို့ငှာ အကြံပြုချက်များ (ရလဒ်များ) သို့မဟုတ် နည်းဗျူဟာများအကြောင်းကို ပြောဆိုဆွေးနွေးရန်အတွက် အခြား ချိန်းဆိုမှုကို ကြိုတင်စာရင်းသွင်းခြင်း
- ကလေးအထူးကု ဆရာဝန်နှင့် စစ်ဆေးခြင်း၊ နားကြားမှုကို စစ်ဆေးခြင်း သို့မဟုတ် အခြား ကျန်းမာရေး ဝန်ဆောင်မှုများကဲ့သို့သော အခြားဝန်ဆောင်မှု အဖွဲ့အစည်းများသို့ ညွှန်းပေးရန် အကြံပြုခြင်း
- စောင့်ဆိုင်းရမည့်အချိန်များ၊ မည်မျှဖြစ်မည်၊ မည်သည့်အရာများ ပါဝင်လိမ့်မည် သို့မဟုတ် သင့်ကလေးအတွက် အခြားဝန်ဆောင်မှုများ ရှိသည်၊မရှိသည်တို့ပါဝင်သော ကုထုံးများအကြောင်းကို ပြောဆိုဆွေးနွေးခြင်း
- သင့်ကလေးကြီးပြင်းလာသည်အထိ စောင့်ဆိုင်း၍ ပြန်လည်သုံးသပ်ပေးခြင်းတို့ဖြစ်ပါသည်။

အထက်ဖော်ပြပါတို့သည် ယေဘုယျ အကြံဉာဏ်များဖြစ်ပြီး သင်၏ကလေးနှင့် သင်ပြသနေသော ဝန်ဆောင်မှုတို့အပေါ် မူတည်ပါလိမ့်မည်။

**အကယ်၍သင် တစ်စုံတစ်ရာကို မသေချာလျှင် မေးခွန်းများကို အမြဲတမ်းမေးပါ။**

Western NSW LHD Speech Pathology Handouts can be copied using Creative Commons Attribution Non Commercial No Derivs 3.0 Unported License. Creator: Emily Davis, BSpPath, Bathurst Community Health Centre. Photographs are from Pixabay (https://pixabay.com/en/photos/) and are freely available via CC0 Creative Commons Licence. Davis, E. & Waiting for Speech Pathology Team. (2018). *Visiting a speech pathologist.* Bathurst, Australia: Western NSW Local Health District. Retrieved from: https://wnswlhd.health.nsw.gov.au/Pages/Waiting-For-Speech-Pathology.aspx